# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# (၁၁) ရက်မြောက်နေ့ အစီအစဉ်

# [ ၅–၁၂–၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ်ရှိ ကူမဲတိုက်နယ် ၁၆ ခုတင်ဆံ့ဆေးရုံအား ၂၅ ခုတင်ဆံ့ စံကိုက်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ **ဝက်လက်မြို့နယ်၊ ဟန်လင်း (ပျူမြို့ဟောင်း) ကျေးရွာအား တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၏ **တိုင်းရင်းဆေးဖြင့် ကုသမှုအများဆုံး ရောဂါများအတွက် အထူးဆေးဝါးများနှင့် ဆေးခန်းသုံးဆေးဝါးများကို ထပ်မံတိုးချဲ့ထုတ်လုပ်သွားရန်နှင့် လက်ရှိထုတ်လုပ်နေသော ဆေးဝါး များကို ဆေးပြား(Tablet)၊ ဆေးတောင့်(Capsule)စသည်ဖြင့် သောက်သုံးရလွယ်ကူသော၊ ဆေးညွှန်းရန် လွယ်ကူသော ပုံစံများဖြင့် အဆင့်မြှင့်တင် ထုတ်လုပ်သွားရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်၊ ဘန့်ဆွေး အုပ်စု၊ သိကြားစက်တောင်ရွာ (ခ) ရွှေစုကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ဘောလုံးအားကစားကွင်းအား အများပြည်သူ ပြန်လည်သုံးစွဲနိုင်ရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ဇေယျာရွှေမြေဘောလုံးကလပ်အသင်းထံမှ ပြန်လည်တောင်းယူ ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ဆိပ်ဖြူမြို့နယ်၊ အနောက်ကမ်းဖြူ ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန (ခွဲ) မှ ကျေးလက်ကျန်းမာရေး ဌာနသို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု၊ ဟိုနမ့်တိုက်နယ်(၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်ပေးမည့်အစီအစဉ်များ၊ ဆရာဝန်နေအိမ်နှင့် ဝန်ထမ်း နေအိမ်များ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့ရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ အဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။